# ‘ပြီးပြည့်စုံသော လောအမြင်’

ဦးမာနိတ(ကျုံကဒတ်)

၁၀၇။ ရဟန်းတို့ ခပ်သိမ်းသော သမဏနှင့် ဗြာဟ္မဏတို့သည် လောက၏ သာယာဖွယ် (အဿာဒ) ကိုလည်း သာယာဖွယ် (အဿာဒ) အားဖြင့်, အပြစ် (အာဒီနဝ) ကိုလည်း အပြစ် (အာဒီနဝ) အားဖြင့်, ထွက်မြောက်ရာ (နိဿရဏ) ကိုလည်း ထွက်မြောက်ရာ (နိဿရဏ) အားဖြင့် ဟုတ်တိုင်းမှန်စွာ မသိကုန်။ ရဟန်းတို့ ထိုသမဏနှင့် ဗြာဟ္မဏတို့ကို သမဏတို့၌မူလည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်။ ထိုအသျှင်တို့သည် သမဏ ဖြစ်ကျိုး (အရိယာမဂ်) ကိုလည်းကောင်း၊ ဗြာဟ္မဏ ဖြစ်ကျိုး (အရိယာဖိုလ်) ကိုလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေကြရကုန်။

ရဟန်းတို့ ခပ်သိမ်းသော သမဏနှင့် ဗြာဟ္မဏတို့သည် လောက၏ သာယာဖွယ် (အဿာဒ) ကိုလည်း သာယာဖွယ် (အဿာဒ) အားဖြင့်, အပြစ် (အာဒီနဝ) ကိုလည်း အပြစ် (အာဒီနဝ) အားဖြင့်, ထွက်မြောက်ရာ (နိဿရဏ) ကိုလည်း ထွက်မြောက်ရာ (နိဿရဏ) အားဖြင့် ဟုတ်တိုင်းမှန်စွာ သိကုန်၏။ ရဟန်းတို့ ထိုသမဏနှင့် ဗြာဟ္မဏတို့ကို သမဏတို့၌မူလည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏။ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုး (အရိယာမဂ်) ကိုလည်းကောင်း၊ ဗြာဟ္မဏဖြစ်ကျိုး (အရိယာဖိုလ်) ကိုလည်းကောင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေကြရကုန်၏ဟု (မိန့်တော်မူ၏)။

(အံ – ၁ – ၁၀၇ – သမဏ ဗြာဟ္မဏ သုတ္တန်)



မိုးနှောင်းကာလ မိုးတစိမ့်စိမ့် ရွာသွန်းနေသော နေ့တစ်နေ့တွင် တောင်ပေါ်တောကျောင်းလေး၌ ပက်လက်ကုလားထိုင် တစ်လုံးတွင်ထိုင်လျက် စာဖတ်၍ကောင်းနေစဉ် သတင်းစကားတစ်ခု လက်ခံရရှိလိုက်သည်။ တစ်စုံတစ်ယောက်က စာရေးသူနှင့် ဖုန်းစကားပြောချင်သည်ဆိုသဖြင့် တယ်လီဖုန်းရှိရာ ရွာထဲမှ ခရုတောင်ကျောင်းတိုက်သို့ ထွက်ခွာ လာခဲ့သည်။ စာဖတ်လို့ ကောင်းနေစဉ် တယ်လီဖုန်း လာရသလား၊ အလုပ်ပျက်သည်ဟု သဘောမထားနိုင်။ လက်ကိုင်ဖုန်းတွေ မှိုလိုပေါ်များနေသော ခေတ်ကာလတွင် ကိုယ်ပိုင်ဖုန်း တစ်လုံးလောက်မှ မပိုင်ဆိုင်လေတော့ ဒီလောက်တော့ ဒုက္ခခံရမည်ပ ☺

တစ်ဖန် တောကျောင်းဘုန်းကြီး ဘဝတွင် လက်ကိုင်ဖုန်း တစ်လုံးလောက် ရှိထားသင့်သလားဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိပြန်သည်။ **‘ဓမ္မ ဒါယာဒေါ မေ ဘိက္ခဝေ မာ အာမိသ ဒါယာဒ** – ချစ်သား ရဟန်းတို့ ငါဘုရား၏ ဓမ္မအမွေကို ခံယူကြကုန်လော့။ ပစ္စည်းလေးပါး အာမိသအမွေကို မခံယူကြကုန်လင့်’ ဟူသော မိန့်မှာ စကားနှင့်အညီ ‘ရဟန်းဘဝတွင် ပစ္စည်းလေးပါး အာမိသအမွေ ပိုင်ဆိုင်မှုနည်းလေ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာရာ ရောက်လေ’ ဟု သဘောပါသဖြင့် လိုချင်တောင့်တမှု လှိုင်းဂယက်များ (မိုဘိုင်း အဆက်ဆာရီ၊ လက်တော့ပ် အဆက်ဆာရီစသည်☺) အတန်အသင့် ငြိမ်သက်သွားသည်။

သို့နှင့် တယ်လီဖုန်းရှိရာ ခရုတောင်ကျောင်းတိုက်သို့ ရောက်ရှိသွားပြီး သကာလ ခရီးရောက်မဆိုက်ပင် မောမောပန်းပန်းနှင့် ဖုန်းလက်ခံ စကားပြောလိုက်ရသည်။ ရန်ကုန်မြို့မှ ဒါယကာတစ်ယောက် စာရေးသူထံ ဆက်သွယ် ပြောကြားလာသည်မှာ…

‘‘ဦးပဉ္စင်းအတွက် နိုင်ငံခြားမှ ပြန်လာသော ဒကာမတစ်ယောက်က ဆေးပစ္စည်း တချို့နှင့် စာအိတ်ကလေးတစ်လုံး လာရောက်လှူဒါန်းသွားသည်။ စာအိတ်ထဲမှာ ဘာတွေပါလဲဆိုတာ ဦးပဉ္စင်း လောလောဆယ် သိရှိနိုင်ရန် စာအိတ်ကို ဖွင့်ကြည့်ပြီး စာဖတ်ပြမည်’’ဟု လျှောက်ထား၏။

စာရေးသူက ခွင့်ပြုပါသည်၊ ဖွင့်ကြည့်ပါဟု အကြောင်းပြန်လိုက်သောအခါ ဒါယကာက စာကို ယခုလို ဖတ်ပြသည်။

*ဦးပဉ္စင်းဘုရား*

*ဦးပဉ္စင်းအတွက် ဝတ္ထုငွေ အနည်းငယ်နှင့် ဆေးပစ္စည်းတချို့ လှူဒါန်းခဲ့ပါတယ်ဘုရား။ တပည့်တော် ဖော်တယ်က ထွက်လာတဲ့အချိန် ဒကာကြီးလည်း အပြင်သွားနေလို့ တပည့်တော် လက်ထဲမှာ တက္ကစီခလောက်ပဲ ရှိနေတာတစ်ကြောင်း၊ ဦးပဉ္စင်း ပေးထားတဲ့ အိမ်လိပ်စာကို လိုက်ပို့ပေးမဲ့ ညီမဖြစ်သူလည်း ရုတ်တရက် ရောက်လာပြီး သူလိုက်ပို့ပေးတဲ့အချိန် ထွက်လာရတာ တစ်ကြောင်းမို့ ဦးပဉ္စင်းကို ဝတ္ထုငွေ နည်းနည်းပဲ လှူနိုင်တာ စိတ်မကောင်းဘူးဘုရား။*

*တပည့်တော်တို့ မိသားစုလည်း ဟိုမှာ ၁၀ နှစ်လောက် နေပြီးမှ အလည်အပတ် ပြန်လာတာဖြစ်လို့ ဆွေမျိုးတွေ အဆက်မပြတ် လာရောက် တွေ့ဆုံနှုတ်ဆက်နေတာနဲ့ ဘယ်ကိုမှ မသွားဖြစ်ဘူးဘုရား။ ရွှေတိဂုံ ဘုရားကို တောင် တစ်ခေါက်ပဲ သွားဖူးဖြစ်ပါတယ်။ ဦးပဉ္စင်းကိုလည်း ဒီစာလေးနဲ့ ကန်တော့လိုက်ပါတယ်။ နောက်မှ အေးအေးဆေးဆေး စာရေးပါဦးမယ်ဘုရား။*

*ဒကာမဒေါ် - - - ခေတ္တ/ အင်းယားလိပ်ပေါ်တယ် - မြန်မာပြည်*

အဆိုပါ ဒါယိကာမ အနေဖြင့် ဘာသာတရားကို မည်မျှ သက်ဝင်ကိုင်းရှိုင်းမှု ရှိသည်၊ စာရေးသူအပေါ် မည်မျှ ရိုသေလေးစားမှုရှိသည်ကို အတိုင်းအတာ တစ်ခုအထိ သိရှိထားသဖြင့် ထိုကိစ္စမှာ စာရေးသူအတွက် ပြဿနာ မရှိပါ။ သို့သော် ထိုအကြောင်းများကို မသိရှာသော ရန်ကုန်မြို့မှ ဒါယကာအတွက် ပြဿနာ ရှိနေဟန် တူ၏။

"စာအိပ်ထဲမှာ မြန်မာငွေတွေပဲ တွေ့ရတယ်ဘုရား။ တပည့်တော်က နိုင်ငံခြားက ပြန်လာတဲ့ ဒကာမဆိုတော့ ဒေါ်လာတွေ လှူခဲ့မယ်လို့ ထင်နေတာ"

သြော် ... လက်စသတ်တော့ ကိုယ့်ဒကာက ဒါတွေ သိချင်လို့ (ဒေါ်လာတွေပါ/ မပါ☺) ဒီလို ဖုန်းဆက်တာများလားဟု အတွေးပွား ချင်စရာ . . .

"အို . . .ဒကာရယ်၊ သူတို့လည်း နိုင်ငံခြားမှာ နေတယ်ဆိုပေမယ့် တိုက်ဂါးဝုဒ်တို့၊ တွမ်ခရုတို့လို မီလျံနာ သူဌေးတွေမှ မဟုတ်တာ။ ဒီလောက်ပဲ လှူနိုင်မှာပေါ့" ဟု စကားဖြတ်ကာ ဖုန်းချလိုက်သည်။

အမှန်မှာ ထိုခေါင်းစဉ်မျိုး (ရွှေမြန်မာတို့၏ နိုင်ငံခြားဆိုလျှင် နင်းကန် ပစ်စလက်ခတ် အထင်ကြီးတတ်ကြသော ခေါင်းစဉ်)ကို ချဲ့ထွင်ဆွေးနွေးမည်ဆိုလျှင် အချိန် တစ်နာရီမက ကြာသွားနိုင်သည်။ ဖုန်းလိုင်းပေါ်မှာ ပြောဆိုနေလျှင် ဖုန်းဖိုးဘီလ် ကုန်ကျရုံပဲရှိမည်။ ရှိစေတော့။

ထို့နောက် စေတနာထား၍ ဖော်ရွေပျူငှာစွာ ဖုန်းခေါ်ဆိုပေးသော ခရုတောင်ကျောင်း ဆရာတော်ကို ဝတ်ပြုကန်တော့၍ ဝမ်းမြောက်ဖွယ် ပဋိသန္ထာရစကားများ ပြောဆိုပြီးလျှင် မိမိ နေထိုင်သီတင်းသုံးရာ တောကျောင်းလေးသို့ ပြန်လည် ကြွရောက်ခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ယခုလို ဩဂုတ်လ ရောက်ပြီဆိုလျှင် ကလေးများ ကျောင်းပိတ်ရက် ဖြစ်သဖြင့် အင်္ဂလန်တွင် အခြေချ နေထိုင်သော မိသားစုများ မြန်မာပြည်သို့ အလည်အပတ် ပြန်လာလေ့ရှိ၏။ စာရေးသူနှင့် အဆက်အသွယ်ရှိသော မိသားစုတစ်စုက ရန်ကုန်သို့ ပြန်ရောက်လျှင် သူတို့ဆီတွင် နှစ်စဉ် ထုတ်ဝေသော ဗုဒ္ဓနေ့ စာစောင်လေးများကို စာရေးသူ အတွက် စာတိုက်မှ ပို့ပေးလေ့ရှိ၏။ ယခုနှစ်တွင်မူ အခြား မိသားစုတစ်စုက စာရေးသူကို "အလှူဒါန ပြုချင်ပါသည်" ဆိုသဖြင့် အထက်ပါ ရန်ကုန်မြို့မှ ဒါယကာတစ်ယောက်၏ နေအိမ်ကို သွားရောက်၍ လှူဖွယ်များ ပို့ဆောင်ထားရန် စာရေးသူက လမ်းညွှန်ထားခြင်းဖြစ်၏။

ရပ်ဝေးမှ ယူဆောင်လာသော အလှူဒါန ဖြစ်သဖြင့် နည်းသည်များသည်ဟု သဘောမထားအပ်ပါ။ မြတ်နိုး လေးစားစွာ အသိအမှတ်ပြု၍ လက်ခံရပေမည်။ သို့သော် မြတ်နိုးလေးစားစွာ လက်ခံခြင်းက တစ်ကဏ္ဍ၊ နိုင်ငံခြားမှ ပြန်လာသူများ၏ လက်ဆောင်ပစ္စည်းမို့ အထင်မကြီး မိစေခြင်းက တစ်ကဏ္ဍဟု၊ ကဏ္ဍခွဲထားမည်ဆိုသော် ကောင်းလေစွ။

တစ်ခါက နိုင်ငံခြားပြန် မိသားစုများ ပို့ပေးသော ဗုဒ္ဓနေ့ စာစောင်လေးများကို ဆရာတော် တစ်ပါးအား ပြန်လည် မျှဝေပေးမိ၏။ ထိုဆရာတော် ဝမ်းမြောက်ဝမ်းသာ မိန့်ဆိုလိုက်သော စကားကြောင့် စာရေးသူ ဝမ်းမသာနိုင်ဘဲ ရင်ဆို့သွားရသည်။

‘‘အင်္ဂလန်မှာ ထုတ်ဝေတဲ့စာစောင် ဟုတ်လား။ နိုင်ငံခြားဆိုရင် စိတ်ဝင်စားမိတယ် ကိုယ်တော်ရေ။ မသေခင် အင်္ဂလန်ကို တစ်ခေါက်လောက်တော့ ရောက်ဖူးချင်သေးတယ်’’

ဆရာတော်က ဆက်လက် အမိန့်ရှိသည်မှာ...

‘‘တပည့်တော် ဟိုတလောက စင်္ကာပူကို ရောက်သွားတယ်ဘုရား။ သူတို့ဆီမှာ ကွန်ပျူတာ အင်တာနက်တွေနဲ့ လုပ်ကိုင်ဆောင်ရွက်နေတာ ကြောက်ခမန်းလိလိ ပါပဲလား။ တပည့်တော်တို့မှာ အင်္ဂလိပ်စာ အခြေခံ မရှိတော့ ဟိုရောက် တဲ့အခါ မျက်စိကန်း နားကန်းကြီးကို ဖြစ်လို့။ တပည့်တော်တို့ဆီက စာသင်သားတွေ ပိဋကတ် ကျမ်းစာတစ်ခုထဲကို အပင်ပန်းခံပြီး သင်ယူနေကြရတာ ပင်ပန်းသလောက် အကျိုးရှိရဲ့လားလို့တောင် သံသယ ဖြစ်မိတယ်’’

ဆရာတော်၏ သဘောထားကို စာရေးသူ သဘောမတွေ့လှသော်လည်း ဆရာတော်၏ ဂုဏ်သိက္ခာကို ရိုသေလေးစားသောအားဖြင့် တစ်စုံတရာ စောဒကတက် ပြန်လည်ပြောဆိုခြင်း မပြုခဲ့ပါ။

မည်သို့ပင်ဖြစ်စေ နိုင်ငံခြားဆိုလျှင် အထင်ကြီးချင်ကြသော ခေါင်းစဉ်လေးတစ်ခုက ရွှေမြန်မာတို့၏ စိတ်နှလုံးအိမ်တွင် မသိမသာ ကိန်းအောင်းနေသည်ကတော့ သေချာလှသည်။ ရွှေမြန်မာတို့ အထင်ကြီးမည်ဆိုလည်း ကြီးလောက်ပါပေသည်။ *Fail State* ဟု သတ်မှတ်ခြင်း ခံထားရသောတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် သူတို့ဆီက နိုင်ငံကြီးများတွင် တရားမျှတမှု၊ လူ့ဂုဏ်သိက္ခာနှင့်အညီ လူသားအခွင့်အရေး အပြည့်အဝ ရရှိမှုစသော လူမှုဘဝ မျက်နှာစာ အသီးသီး၌ အဆင်ပြေချောမွေ့မှုများ ရှိနေသည်ကို မည်သူက ငြင်းကွယ်နိုင်မည်နည်း။ သို့သော် သူတို့ဆီတွင်လည်း မရှောင်လွှဲနိုင်သော အခက်အခဲ အကျပ်အတည်းများ၊ မနေမနား ရုန်းကန်လှုပ်ရှားရမှုများစသော လူမှုဘဝ ဒုက္ခအဖုံဖုံနှင့် မကင်းနိုင်ဆိုသော အချက်ကိုလည်း ထည့်သွင်းစဉ်းစားကြရန် လိုပါသည်။

နိုင်ငံခြားတွင် အခြေချ နေထိုင်သော မိသားစုအချို့၏ ပြန်လည် ရင်ဖွင့်သံများကို စာရေးသူ ဤသို့ ကြားသိမှတ်သား မိပါသည်။

‘‘ဦးပဥ္စင်းရယ်...တချို့က နိုင်ငံခြားမှာ နေရတာကို အလုံးစုံ ပြီးပြည့်စုံတဲ့ စိတ်ကူးယဉ် ကမ္ဘာထဲက စံအိမ် *(Utopia)* လို့များ ထင်နေကြသလား မပြောတတ်ပါဘူး။ ဒီနိုင်ငံမှာ အချိန်ပြည့် လှုပ်ရှားရုန်းကန်နေရတယ်ဘုရား။ ကားမောင်းရင်လည်း ကိုယ်တိုင် ဒရိုင်ဘာ၊ ကားပျက်ရင်လည်း ကိုယ်တိုင် မက္ကင်းနစ်၊ အိမ်ခြံဝင်း သန့်ရှင်းရေး လုပ် မယ်ဆိုရင် လည်း ကိုယ်တိုင် မာလီပဲ။ ဒါတောင် တပည့်တော်က ကိုယ်ပိုင်အလုပ်တစ်ခု ဝင်မလုပ်ဘဲ ဒကာကြီးကို မှီခိုနေသူမို့ တော်သေး တယ်။ တပည့်တော်သာ အခြား အလုပ်တစ်ခု ဝင်လုပ်မယ်ဆိုရင် နေ့စဉ်မှန်မှန် ဘုရားရှိခိုးချိန်တောင် ရမယ်မထင်ဘူး။ ဒီနိုင်ငံမှာ ရာသီဥတုက အစ အဖက်ဖက်က ဘက်စုံ အကြမ်းပတမ်း ခံနိုင်ရည်ရှိမှ ဖြစ်မယ်။ မြန်မာပြည်မှာ သူဌေးသမီး ဘဝနဲ့ ဘော်ကြော့ နေလာတဲ့သူဆိုရင် ဒီနိုင်ငံမှာ နေနိုင်ဖို့ မလွယ်ဘူးဘုရား’’

အခြား ဒါယိကာမ တစ်ယောက်ကလည်း . . .

‘‘တပည့်တော်တို့ မိသားစုက လန်ဒန်မှာ မြန်မာ အစားအစာတွေ ပြုလုပ်ရောင်းချပါတယ်ဘုရား။ ဆိုင်မှာ အပိုဝန်ထမ်းလည်း ခန့်မထားသလို၊ မိသားစုတွေ စုပေါင်းလုပ်ကိုင်ကြပါတယ်။ ဒီနိုင်ငံမှာ သာမက အနီးအနား နိုင်ငံတွေက ဖုန်းနဲ့ ဖြစ်စေ၊ အင်တာနက်ကဖြစ်စေ၊ မြန်မာ အစားအစာတွေ မှာယူတဲ့အခါ ချက်ချင်း တင်ပို့နိုင်အောင် အမြဲတန်း အသင့်ပြင် ဆင်ထားရပါတယ်။ တပည့်တော်တို့မှာ အလုပ်ပိတ်ရက်ဆိုတာလည်း မရှိပါဘူး။ ဦးပဥ္စင်း ပို့ပေးတဲ့ ဘာသာရေး ဆောင်းပါးလေးတွေကိုလည်း အမြဲလိုလို ဖတ်ဖြစ်ပါတယ်။ အင်တာနက်မှာ အော်ဒါတွေ အမြဲ စောင့်ကြည့်နေရပေမယ့် ချက်တင်ဝင်ချိန်တော့ မရပါဘူး။ ဒါကြောင့် ဦးပဥ္စင်းဆီ စာမှန်မှန် မရေးနိုင်တာ ခွင့်လွှတ်ပါဘုရား’’

အဆိုပါ ဒါယိကာမများမှာ သူတို့ရောက်ရှိနေသော တိုင်းပြည်များတွင် လူမှုစီးပွား အခြေခံကောင်းများ ရရှိပိုင်ဆိုင်ထားသူများဖြစ်၍ သက်သာမှုရှိသည်ဟု ဆိုနိုင်ပါသေးသည်။ သူတို့လောက် အခြေခံကောင်း မရရှိသေးသူများမှာ ထို့ထက်မက ခက်ခဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားကြရပါသည်။ ‘‘ကျွန်တော် ဂျပန်နိုင်ငံကို ရောက်စတုန်းက ဂျပန်စကားဆိုတာ တစ်လုံးမှ နားမလည်။ အင်္ဂလိပ်စကားက မတောက်တခေါက်၊ အိပ်ကပ်ထဲမှာ နှစ်ဒေါ်လာပြည့်အောင် မရှိ၊ အသိအကျွမ်း မိတ်ဆွေဆိုတာ နတ္ထိ’’ ဆိုသော နိုင်ငံခြားတွင် ပညာသင်ရန် စွန့်စား၍ ထွက်ခွာလာခဲ့သော ကျောင်းသားလေး တစ်ယောက်၏ ပြန်လည်ပြောပြချက်မှာ ကြားရသူ အပေါင်းကို အသက်ရှူ မှားလောက်စေ၏။

ထို့ကြောင့် ဘယ်အရာမဆို 'အကောင်းရှိလျှင် အဆိုးလည်းရှိမည်' ဆိုသော ယေဘုယျအမြင်မျိုးကို လက်ခံထားမည်ဆိုလျှင် အရာရာကို (နိုင်ငံခြားကို) တစ်ဖက်သတ် အထင်ကြီးမှုများအား အထိုက်အလျောက် လျော့ချနိုင်ဖွယ် ရှိပါ၏။ သို့သော် အဆိုပါ ယေဘုယျအမြင် (အကောင်းရှိလျှင် အဆိုးလည်း ရှိမည်ဆိုသောအမြင်) မျိုးမှာ ဗုဒ္ဓဘာသာဝင်များအတွက် ဤလောကကို ပြည့်စုံလုံလောက်သော ရှုမြင်မှုမျိုးဟု မယူဆနိုင်ပါ။ အကြောင်းမူ ဗုဒ္ဓက ဤလောကကို ပြီးပြည့်စုံသော ရှုမြင်ပုံ၊ ရှုမြင်နည်းများကို နည်းပရိယာယ်ပေါင်း များစွာဖြင့် ဟောကြားထားတော်မူသောကြောင့် ဖြစ်ပါ၏။

ဤလောက၌ စွဲ၍ဖြစ်သော ကိုယ်စိတ်ချမ်းသာခြင်းကို လောက၏ သာယာဖွယ် (အဿာဒ) ဟု ခေါ်ဆိုရပြီး၊ ဤလောက၌ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ပျက်စီးခြင်း သဘောသည် လောက၏ အပြစ် (အာဒီနဝ) ဟု ဆိုရ၏။ လောက၏ သာယာဖွယ် (အဿာဒ)၊ အပြစ် (အာဒီနဝ) တို့၌ စွဲလန်းမှု ဆန္ဒရာဂကို ပယ်ဖျောက်ခြင်း သဘောသည် လောကမှ ထွက်မြောက်ရာ (နိဿရဏ) ဖြစ်၏။ ထိုအကြောင်းသုံးပါးကို ဟုတ်တိုင်းမှန်စွာ မသိမြင်သူများသည် သမဏ ဗြာဟ္မဏမဟုတ်၊ သာမဏ ဗြာဟ္မဏ ပြုခြင်း၏ အကျိုးကိုလည်း မခံစားရဟု မြတ်ဗုဒ္ဓက အတိအလင်း ထုတ်ဖော်ဟောကြားထားတော်မူပါသည်။ (ဆောင်းပါး၏ အစတွင် ဖော်ပြထားသော သမဏ ဗြာဟ္မဏသုတ္တန်ကိုရှု)

တစ်ဖန် ထိုအကြောင်းသုံးပါး (အဿာဒ၊ အာဒီနဝ၊ နိဿရဏ) တို့ကို ဟုတ်တိုင်းမှန်စွာ ရှုမြင်နိုင်သူများသည် ဤလောက၌ တွယ်တာစွဲလန်းသော ဆန္ဒရာဂကို ပယ်ဖျောက်ထားပြီး ဖြစ်သဖြင့် ဤလောကကို သူမတူ ထူးကဲသော အမြင်ဖြင့် ရှုမြင်နိုင်ကြောင်း မြတ်စွာဘုရားရှင် လက်ထက်တော်က နန္ဒမာတာ ဉပါသိကာမတစ်ဦး၏ ဖြစ်ရပ်ကို စံနမူနာထား၍ လေ့လာမှတ်သားနိုင်ပါသည်။

မြတ်စွာဘုရား လက်ထက်တော်က ဝေဠုကဏ္ဍကီ အရပ်တွင် အထက်မဂ်သုံးပါး ရရှိထားသော နန္ဒမာတာ အမည်ရှိသော ဉပါသိကာမသည် တစ်နေ့ နံနက်စောစောတွင် အိမ်ရှေ့ဝရန်တာတွင်ရပ်လျက် ပရာယန သုတ္တန်ကို ရွတ်ဆိုပူဇော်နေ၏။ ထိုစဉ် ကောင်းကင်ခရီးဖြင့် မြောက်အရပ်မှ တောင်အရပ်သို့ သွားနေသော ဝေဿဝဏ် နတ်မင်းကြီးသည် ကြားမိ၍ ခရီးစဉ်ကို ငံ့လင့်စောင့်ဆိုင်းပြီး တရားနာယူပါသည်။

တရားရွတ်ဆိုမှု ပြီးဆုံးသောအခါ ဝေဿဝဏ် နတ်မင်းကြီးက နန္ဒမာတာကို "နှစ်မ ကောင်းပေစွ၊ သင်၏ ရွတ်ဖတ်ပူဇော်သော ကုသိုလ်အဖို့သည် ကျွန်ုပ်အတွက် လက်ဆောင်ဖြစ်ပါစေ။ ထို့ပြင်လည်း မနက်ဖန် နံနက်စောစောတွင် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် အမှူးရှိသော သံဃာတော် အပေါင်းသည် ဤအရပ်သို့ ကြွရောက်လာလိမ့်မည်။ ထိုရဟန်း သံဃာအပေါင်းအား မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်များဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် ကျွန်ုပ်အား ရည်ညွှန်းပါလော့" မှာကြား၍ ခရီးဆက်လက် ထွက်ခွာသွားပါသည်။

နန္ဒမာတာလည်း ဝေဿဝဏ်နတ်မင်းကြီး မှာကြားသည့်အတိုင်း မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်များ စီမံဖန်တီးထားပြီးလျှင် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် အမှူးရှိသော သံဃာတော်များ ကြွရောက်လာသောအခါ အသင့် ပြုစုလုပ်ကျွေး၏။

ဆွမ်းစားသုံးပြီးနောက် ရှင်သာရိပုတ္တရာက "နန္ဒမာတာမာတာ ဤအရပ်သို့ သံဃာတော်များ ကြွရောက်လာမည်ကို သင့်အား မည်သူ ပြောဆိုခဲ့သနည်း" ဟု မေးတော်မူ၏။

နန္ဒမာတာက နံနက်စောစော ပရာယနသုတ္တန်ကို ရွတ်ဖတ်ပူဇော်စဉ် ဝေဿဝဏ် နတ်မင်းကြီးနှင့် တွေ့ဆုံပြီး ဤသို့ မှာကြားသွားကြောင်း အကြောင်းစုံကို ပြန်လည်လျှောက်ထားလိုက်သည်။

ထိုအခါ ရှင်သာရိပုတ္တရာက . . ."နန္ဒမာတာ အံ့ဖွယ်ရှိပေစွ။ သင်သည် လူသား စင်စစ် ဖြစ်သော်လည်း အလွန်တန်ခိုးကြီးသော ဝေဿဝဏ် နတ်မင်းကြီးနှင့် မျက်နှာချင်းဆိုင် စကားပြောဆိုရဘိ၏" ဟု ချီးကျူးစကား မိန့်ကြားတော်မူ၏။

ထိုအခါ နန္ဒမာတာက "အရှင်ဘုရား တပည့်တော်မှာ ဝေဿဝဏ် နတ်မင်းကြီးနှင့် စကားပြောရခြင်းသည်သာ အံ့ဖွယ်ရှိသည် မဟုတ်ပါ။ အခြားသော အံ့ဖွယ် အကြောင်းများလည်း ရှိပါသေးသည်" ဟုဆိုကာ အောက်ပါ အကြောင်းများကို လျှောက်ထားလေသည်။

"အရှင်ဘုရား၊ တပည့်တော်မှာ တစ်ဦးတည်းသော သားဖြစ်၍ အလွန်ချစ်ခင်အပ်သည့် နန္ဒမည်သော သားတစ်ယောက် ရှိခဲ့ပါသည်။ ထိုသားကို တစ်စုံတစ်ခုသော အကြောင်းဖြင့် မင်းမှုထမ်းတို့က ဖမ်းဆီးသတ်ဖြတ်ခဲ့ကြပါသည်။ ထိုသို့ နန္ဒ ဖမ်းဆီး သတ်ဖြတ် ခံရခြင်းဟူသော အကြောင်းကြောင့်လည်း တပည့်တော်မှာ စိတ်တုန်လှုပ် ဖောက်ပြန်မှု တစ်စုံတစ်ရာ မဖြစ်ခဲ့ပါ"

"အရှင်ဘုရား၊ တပည့်တော်၏ လင်ယောကျာ်းသည် သေလွန်၍ ဘုမ္မစိုးနတ်မျိုး၌ ဖြစ်ခဲ့ပါသည်။ ထိုဘုမ္မစိုးနတ်သည် ရှေးလူဖြစ်စဉ်က အသွင်သဏ္ဌာန်ဖြင့် တပည့်တော်အား ကိုယ်ထင်ရှား ပြခဲ့ပါသည်။ ဤသို့ ကိုယ်ထင်ရှား ပြပြားသော်လည်း တပည့်တော်မှာ စိတ်ဖောက်ပြန်ပြောင်းလဲမှု တစ်စုံတစ်ရာ မဖြစ်ခဲ့ပါ"

"အရှင်ဘုရား၊ တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သော လင်ယောကျာ်းအိမ်သို့ လိုက်ပါခဲ့ရပါသည်။ လင်ယောကျာ်းအိမ်သို့ ရောက်သည့် အချိန်မှစ၍ တပည့်တော်သည် လင်ယောကျာ်းကို စိတ်မျှဖြင့် ကျော်လွန်၍ မကျင့်ခဲ့ပါ"

"အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရားထံ၌ ဉပါသိကာမအဖြစ် ခံယူသည့် အချိန်မှစ၍ တစ်စုံတစ်ခုသော သိက္ခာပုဒ်ကိုမျှ သိလျက် လွန်ကျူးဖောက်ဖျက်ခြင်းကို မပြုခဲ့ပါ"

"အရှင်ဘုရား၊ တပည့်တော်သည် အလိုရှိသမျှ ကာလပတ်လုံး ကာဂုဏ်တို့မှ ကင်းကွာသည့် ပထမစျာန် အစရှိသော ဈာန်အင်္ဂါလေးပါးကို အလိုရှိတိုင်း ဝင်စား၍ နေနိုင်ပါသည်"

"အရှင်ဘုရား၊ တပည့်တော်သည် ကာမဘုံဟူသော အောက်အဖို့သို့ ရောက်စေနိုင်သည့် 'ဩရမ္ဘာဂိယ' သံယောဇဉ် ငါးပါးတို့အနက် တစ်ပါးပါးကိုမျှ မပယ်အပ်သေးဘဲ မိမိ၌ ကျန်ရှိနေသည်ကို မတွေ့မြင်မိပါ"

ဤသို့ နန္ဒမာတာသည် မိမိ၌ ထင်ရှားရှိနေသော အံ့ဖွယ် (၇) ပါးတို့ကို ထုတ်ဖော်လျှောက်ထားသောအခါ ရှင်သာရိ ပုတ္တရာက "နန္ဒမာတာ အံ့ဖွယ်ရှိပေစွ၊ အံ့ဖွယ်ရှိပေစွ" ဟု မိန့်ကြားပြီး ရဟန်းသံဃာ အပေါင်းနှင့်အတူ ပြန်လည် ထွက်ခွာသွား လေသည်။ (အံ – ၃ – ၅၃ – နန္ဒမာတာသုတ်)

အထက်ပါ ဝတ္ထုကြောင်း၌ နန္ဒမာတာသည် ရှင်သာရိပုတ္တရာ ကဲ့သို့သော အဂ္ဂသာဝက အရှင်မြတ်ကြီး၏ ချီးမွမ်းမှုကို ခံရခြင်း၊ ဝေဿဝဏ် နတ်မင်းကြီးနှင့် တွေ့ဆုံရခြင်းစသော သာယာဖွယ် (အဿာဒ) တို့ကိုလည်းကောင်း၊ တစ်ဦးတည်း သော သား နန္ဒ အသတ်ခံရခြင်း၊ လင်ယောကျာ်း သေဆုံးခြင်းစသော ဤလောက၏ အပြစ် (အာဒီနဝ) တို့ကိုလည်းကောင်း၊ ကြီးမား သော အတိုင်းအတာဖြင့် တွေ့ကြုံခဲ့ရ၏။ သို့သော် နန္ဒမာတာသည် ထိုအကြောင်းများကြောင့် နှစ်သက်ဝမ်းမြောက်မှု၊ စိတ်တုန် လှုပ် ဖောက်ပြန်မှု တစ်စုံတစ်ရာ မဖြစ်ပေါ်ခဲ့ကြောင်း သိသာ ထင်ရှားပါသည်။

ထို့ကြောင့် စာရေးသူ၏ အမြင်မှာ နိုင်ငံခြားကို အထင်ကြီးခြင်း/ မကြီးခြင်း ခေါင်းစဉ်မှာ ဗုဒ္ဓဘာသာဝင် တစ်ဦးအတွက် ကြီးမားသော စိန်ခေါ်မှု မဟုတ်ပါ။ ဤလောက၏ သာယာဖွယ် (အဿာဒ)၊ အပြစ် (အာဒီနဝ) တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ရေး (ယထာဘူတအမြင်) နှင့် ဤလောက၌ စွဲလန်းမှု ဆန္ဒရာဂကို ပယ်ဖျောက်လျက်၊ အကောင်းအဆိုး လောကဓံတရားတို့ကို မတုန်မလှုပ် တည်ကြည်နိုင်မြဲသော စိတ်ထားဖြင့် ခံယူနိုင်စွမ်းရှိသော ထွက်မြောက်ရာ (နိဿရဏ) ကို သိမြင်ခံစားနိုင်ရေး သည်သာ ဗုဒ္ဓဘာသာဝင် တစ်ဦးအတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်သည်ဟု နှလုံးပိုက် လက်ခံထားမည်ဆိုသော် အဟောဝတ ကောင်းလေစွ . . . . . .

ဦးမာနိတ (ကျုံကဒတ်)

*ven.mnt@gmail.com*